ဒီဗွီဘီ
၂၈ ၊ ဇန်နဝါရီ ၊ ၂၀၀၄

## နအဖ ဆွမ်း ဘုန်းမပေးသူ သံဃာအပါး (၁၅၀)ခန့် နိုင်ငံတော်ပုန်ကန်မှုဖြင့် အရေးယူခံရခြင်း

ပြီးခဲ့သည့် တန်ဆောင်တိုင် ကထိန်ခင်းပွဲတွင် အာဏာပိုင်များကပ်သည့် ဆွမ်းကို ဘုန်းပေးရန်ငြင်းဆန်ခဲ့သော ရန်ကုန်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်က သံဃာအချို့ကို နအဖက ဖမ်းဆီးထောင်ချလိုက် ကြောင်းသိရသည်။ ဆွမ်းဘုန်းပေးရန် ငြင်းဆန်ခဲ့သည့် သံဃာအပါး(၁၅၀)ခန့်ကို နိုင်ငံတော်ပုန်ကန်မှုနှင့် အရေးယူအပြစ်ပေးခဲ့သည်ဟုသိရသည်။

ထိုအထဲမှ သံဃာအငယ်များကို နေရပ်ပြန်ရန် အမိန့်ပေးခဲ့ပြီး ဦးဆောင်သည့်သံဃာများကိုမူ အာဏာပိုင်တို့က ချက်ချင်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း သံဃာအပါးမည်မျှ ဖမ်းဆီးခံရသည် ထောင်ဒဏ်မည်မျှ ချမှတ်ခံရသည်ကိုမူ အတိအကျ မသိရသေးပေ။ ဂန္ဓာရုံကျောင်းတိုက်ကို ဒီဗွီဘီက ဆက်သွယ်လျှောက်ထားခဲ့ရာ ကျောင်းအနေဖြင့်လည်း သတင်းအတိအကျ မသိရကြောင်း၊ သို့သော်လည်း ဖမ်းဆီးသွားသည့်သံဃာများကို 'စစ်ထဲဝင်မလား၊ ထောင်အကျ ခံမလား' ဆိုပြီး ရွေးချယ်ခိုင်းသည်ဟုလည်း သိရသည်။ မဟာ ဂန္ဓာရုံကျောင်းတိုက်က ဆရာတော်တပါးကမူ သံဃာများ ဖမ်းဆီးခံရပုံကို ယခုလို စတင်မြွက်ကြားထားသည်။

"သူတို့ဆွမ်းကပ်တာကို ဆွမ်းမစားတဲ့အတွက် (သူတို့ပြောတာဆိုတာကတော့) နိုင်ငံတော်ပုန်ကန်မှုနဲ့လို့ ပြောတယ်။ ငယ်တဲ့ကိုယ်တော်တွေကို တိုက်ထဲလည်း ပြန်ပြီး လက်မခံတော့ဘူးပေါ့။ သက်တော်ကြီးတဲ့၊ ခေါင်းဆောင်လို့ထင်တဲ့ ကိုယ်တော်တွေကိုတော့ ဖမ်းသွားတယ်"

မေး ။ ။ အဖမ်းခံရတာ ကိုယ်တော် ဘယ်နှစ်ပါးလောက် ရှိမလဲဘုရား။
ဆရာတော် ။ ။ ဘယ်နှစ်ပါး ဆွဲထားတယ်ဆိုတာ ဘုန်းကြီးတို့ အတိအကျ မသိနိုင်ဘူး။ ဆိုလိုတဲ့အဓိပ္ပါယ်ကတော့ ခေါင်းဆောင်လို့ သူတို့ထင်တဲ့ ပုဂ္ဂိုလ်တွေကို ဆွဲထားလိုက်တာပေါ့။ ခုခေတ်ကာလက သံဃာ ထောင်ချရင်လည်း ကျတယ် ပေါ့လေ။ ဥပဒေက နိုင်ငံတော်ပုန်ကန်မှုလို့ပြောပါတယ်။ သူတို့ကပ်တဲ့ဆွမ်း မစားတာလို့ ပြောသံကြားပါတယ်။

မေး ။ ။ ဆွမ်းကပ်တာက ဘယ်က ကပ်တာပါလဲဘုရား။
ဆရာတော် ။ ။ သူတို့အစိုးရကနေ ကထိန်ခင်းတာပေါ့။ သူတို့အစိုးရကနေ ကပ်တာပေါ့။

မေး ။ ။ ဘယ်သူက ဦးဆောင်တာပါလဲဘုရား။
ဆရာတော် ။ ။ ခါတိုင်းတော့ သူတို့သက်ဆိုင်ရာ အစိုးရပိုင်းက ဝန်ကြီးပေါ့။ သူ့ဌာနနဲ့သူ ကပ်ကြတယ်။ တချို့က စက်မှု(၁)ကကပ်တယ်။ တချို့ကျ ဘာဝန်ကြီးက ကပ်တယ်။ အလှည့်ကျ ကပ်တာရှိတယ်။ သူ့ကျောင်းနဲ့ သူပေါ့လေ။ ဘယ်ဌာနက ကပ်တယ်ဆိုတာ ဘုန်းကြီးတို့ မသိလိုက်ဘူး။

မေး ။ ။ သူတို့ကပ်တဲ့ဆွမ်းကို သံဃာတော်တွေက ဘယ်လိုရည်ရွယ်ချက်နဲ့ ဘုန်းမပေးကြတာ လဲဘုရား။
ဆရာတော် ။ ။ ရှင်းရှင်းပြောရရင်တော့ တချို့ကိုယ်တော်တွေက သိပ်သဘောမကျဘူးပေါ့။ တပါး–နှစ်ပါး–သုံးလေးပါးကနေ စပြီး များသွားတယ်ပေါ့။ သူတို့ကတော့ သူတို့ကပ်တဲ့ဆွမ်းကို အားလုံးဘုန်းပေးစေချင်တာပေါ့။ လုပ်တဲ့ ပုဂ္ဂိုလ်အနေနဲ့က တော့ နိုင်ငံရေးနည်းနည်းပါသွားတယ်ပေါ့။ အဲဒါကြောင့် ဆွဲသွားခြင်းဖြစ်ပါတယ်။

မေး ။ ။ သံဃာတော်တွေအနေနဲ့ ဒကာတယောက် ယောက်က ကပ်တဲ့ဆွမ်းကို မစားရုံလေးနဲ့ အခုလို အပြစ်ရှိပါသလား ဘုရား။
ဆရာတော် ။ ။ ဘုရားဝိနည်းတော်နဲ့ကတော့ ရှေ့နောက်ကပ်တာ၊ လျှောင်လွှဲတာ။ ဝိနည်းတော်အနေနဲ့ကတော့ ဘာမှ မဖြစ်ပါဘူး။ သူတို့ဥပဒေကတော့ သူတို့ဥပဒေပေါ့လေ။ မပြောတတ်ဘူးပေါ့။

မေး ။ ။ အဆွဲခံရတဲ့ သံဃာတော်တွေကို ထောင်နှစ်ရှည်ချလိုက်တယ်လို့ကြားရလို့ပါ။ ဘုန်းဘုန်းတို့ရော နောက်ထပ် ဘယ်လိုများ ကြားသိရပါသေးလဲဘုရား။

ဆရာတော် ။ ။ နောက်ဆက်တွဲအနေနဲ့ ကြားရတာက တချို့ကျတော့ ထောင်အကျပဲ ခံမလား၊ စစ်ထဲ လိုက်မလားလို့ မေးတာတွေလည်းရှိတယ်။ စစ်ထဲလိုက်မယ်ဆိုရင် စစ်ထဲလိုက်ပေ့ါ။ ဖမ်းတယ်ဆိုကတည်းက သက်နှ်းချွတ်ပစ်ထားတာ။ သင်္ကန်းချွတ်ပစ်ပြီးတော့ ထောင်ထဲလိုက်မလား၊ စစ်ထဲ လိုက်မလားမေးတယ်လို့ ပြောသံကြားတယ်။

ဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဦးသုမင်္ဂလသည် (၈၈၈၈)ကာလအတွင်း မန္တလေးမြို့၌ပြုလုပ်ခဲ့သည့် ပတ္တနိက္ကုဇ္ဇန သပိတ်မှောက်ကံဆောင်ပွဲ၌ ပါဝင်မှုနှင့် အာဏာပိုင်တို့၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် ဆရာတော်တပါးဖြစ်ကြောင်းလည်း သိရှိရသည်။